ဇွန် (၉)

## သင်၌နှုတ်ကပတ်တော်မရှိမချင်း ယုံကြည်ခြင်းရှိရန်မဖြစ်နိုင်ပါ။

**ယုံ**ကြည်ခြင်းက ဘုရားသခင်၏ နှုတ်ကပတ်တော်ထံမှလာကြောင်း သမ္မာကျမ်းစာက ပြောသည်။ (ရော ၁၀း၁၇) ယင်းက အခြေခံဝိညာဉ်ရေးဆိုင်ရာ ဥပဒေသပင်ဖြစ်ရာ ယင်းက မြေကြီးလက်ခတ်မလွဲပင်ဖြစ်သည်။ ထို့ကြောင့် သင်သည် ယုံကြည်ခြင်း၌ အားနည်းနေခဲ့လျှင် သင်သည် နှုတ်ကပတ်တော်၌ အားနည်းနေသောကြောင့်ပင်ဖြစ်သည်။

သံသယအတွက် ပျောက်ကင်းရာဆေးက နှုတ်ကပတ်တော်ပင် ဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ကြားနာခြင်းအားဖြင့် ယုံကြည်ခြင်းဖြစ်ပြီး ကြီးထွားလာသည်။ ၎င်းက ချက်ချင်းလက်ငင်းကြီးထွား တိုးတက်လာခြင်းမဟုတ်။ ၎င်းက ဘုရားသခင်၏ နှုတ်ကပတ်တော်ကို သစ္စာရှိစွာလေ့လာ သင်ကြားခြင်းအားဖြင့် တည်ဆောက်သောအရာ ဖြစ်သည်။

ယုံကြည်ခြင်းသည် မိမိကိုယ်ပိုင်ခွန်အား မိမိ၏ကြိုးစားအားထုတ်မှုတို့ဖြင့် လုပ်ယူတည်ဆောက်ရသောအရာ စုစည်းရယူသောအရာ အရောင်တင်မွမ်းမံ၍ရသော အရာမဟုတ်။ ဘုရားရှင်၏ နှုတ်ကပတ်တော်အားဖြင့် ယုံကြည်ခြင်းအားလက်ခံရရှိခြင်းက ဘုရားသခင်၏ ကျေးဇူးတော်ဆိုင်ရာ လုပ်ဆောင်မှုပင်ဖြစ်သည်။ သင့်အနေနှင့်ရယူလိုသော ဆန္ဒရှိပြီး ၎င်းကိုလက်ခံရယူလိုက်ရန်သာ ဖြစ်သည်။ သူ၏ နှုတ်ကပတ်တော်ကို ယုံကြည်ရန် သခင်ယေရှုသည် သင့်အားယုံကြည်ခြင်းကိုပင်ပေးသည်။ သခင်ယေရှုသည် "ယုံကြည်ခြင်းကို အစအဦးစီရင်၍ စုံလင်စေတော်မူသော" သူပင်ဖြစ်သည်။ (ဟေဗြဲ ၁၂း၂)

သူ၏ နှုတ်ကပတ်တော်အား လျစ်လျူမပြုပါနှင့်။ ၎င်းက သင့်စိတ်ဝိညာဉ်၏ အစာအဟာရပင်ဖြစ်ပြီး သင့်ဘဝအသက်တာ၏ နေ့စဉ်တိုက်ပွဲများအတွက် သင့်အားခွန်အားကိုပေးသည်။ သင့်ကို ခွန်အားနှင့်ပြည့်ဝစေသည်က သူ၏ချစ်ခြင်းမေတ္တာ၌ သူ၏ဝိညာဉ် တော်အားဖြင့်ဖြစ်သော သူ၏နှုတ်ကပတ်တော်ပင်ဖြစ်သည်။ ထို့ကြောင့် ဆုတောင်းခြင်းပြည့်ဝစွာဖြင့် နှုတ်ကပတ်တော်ကို ဖတ်ရှုလျက် သင်၏ယုံကြည်ခြင်းကို တိုးပွားလာစေရန် တောင်းခံပါ။ သူထိုသို့ပြုလိမ့်မည်။ သူသည် ဘယ်သောအခါမျှ ပျက်ကွက်ခြင်းမရှိ။ ဆာလောင်မွတ်သိပ်လျက်ရှိသော နှလုံးသားကို သူအစဉ်သဖြင့် အဖြေပေးလိမ့်မည်။